ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီလ ... ထုတ်ဝေသည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ စနေနေ့ (18-5-2013) (၇၄၇၄)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလုပ်သဘောခရီးသွားရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာ

ရန်ကုန် မေ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလုပ်သဘောခရီးသွားရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဦးရဲထွဋ်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာမျိုးမြင့်၊ ဒေါက်တာသိန်းသိန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

(သတင်းစဉ်)



အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက် အိုဘားမား ၂၀၁၂ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံသို့ လာရောက်စဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံရှိ အမိမြန်မာပြည် ရုပ်တုရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)


the WHITE HOUSE

BLOG | PHOTOS & VIDEO | BRIEFING ROOM | ISSUES | the ADMINISTRAT

Home • Briefing Room • Statements & Releases

The White House

Office of the Press Secretary

For Immediate Release — May 15, 2013

**Statement by the Press Secretary on the visit of President Thein Sein of Myanmar to the White House**

# နိုင်ငံတော်သမ္မတအား အိမ်ဖြူတော်၌ ကြိုဆိုလက်ခံမည်

နေပြည်တော် မေ ၁၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန် အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအတွင်းရေးမှူးရုံးက မေ ၁၅ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် သမ္မတအိုဘားမားသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ၂၀၁၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် အိမ်ဖြူတော်၌ ကြိုဆိုလက်ခံမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလက ရန်ကုန်မြို့သို့ သွားရောက်ခဲ့သည့် သမ္မတ အိုဘားမား၏ သမိုင်းဝင်ခရီးစဉ်နောက်ပိုင်း သမ္မတ ဦးသိန်းစိန်အစိုးရ ဖော်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန်အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် ထောက်ခံအားပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီဖွံ့ဖြိုးရေး၊ ဘာသာရေးနှင့် တိုင်းရင်းသားရေးရာများ ဖြေရှင်းနိုင်ရေး၊ ပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများ ဆောင်ကြဉ်းနိုင်ရေးတို့အတွက် ကျန်ရှိနေသေးသော စိန်ခေါ်မှုများစွာနှင့်စပ်လျဉ်း၍ သမ္မတ ဦးသိန်းစိန်နှင့် ဆွေးနွေးနိုင်ရန်၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် မည်သို့ ကူညီနိုင်မည်ကို ညှိနှိုင်းရှာဖွေရန် သမ္မတအိုဘားမားက မျှော်လင့်ထားကြောင်း။

သမ္မတ ဦးသိန်းစိန်၏ အိမ်ဖြူတော်ခရီးစဉ်သည် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်လျက်ရှိသော အစိုးရများကို အားပေးထောက်ခံရန်နှင့် ကူညီပံ့ပိုးပေးရန် သမ္မတအိုဘားမား၏ ကတိကဝတ်ပြုထားမှုအပေါ် အထင်အရှားပြဆိုလျက်ရှိကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ၎င်းတို့နိုင်ငံ၏ ထူးခြားမှုများရှိသော အလားအလာကောင်းများကို အပြည့်အဝရရှိ ခံစားနိုင်စေရေးအတွက် ပံ့ပိုးကူညီပေးရန် အမေရိကန်အစိုးရ၏ သန္နိဋ္ဌာန်ချထားမှုကို မီးမောင်းထိုးပြနေကြောင်းဖြင့် ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

**ယနေ့ မာတိကာ**




**ဗီဒီယိုဂိမ်းကို ဆိုနီနှင့် နိုဗီယိုကုမ္ပဏီတို့မှ သရီးဒီရုပ်ရှင်အဖြစ် ပန်တီးမည်**

စာမျက်နှာ ၁၂



**ဒေးဗစ်ဘက်ခမ်း ဘောလုံးလောကကို လက်ပြနှုတ်ဆက်**

စာမျက်နှာ ၁၃

**မူဆယ်မြို့၌ မိုင်းကွဲ၍ အမျိုးသားတစ်ဦးသေဆုံး**

စာမျက်နှာ ၉



**ခေတ်မီဆန်းသစ်သော ဒုံးကျည်များ ရုရှားက ဆီးရီးယားသို့ တင်ပို့ဟုဆို**

စာမျက်နှာ ၄




ရုရှားနိုင်ငံမှ ဆီးရီးယားသို့ ခေတ်မီဒုံးလက်နက်များ တင်ပို့ရာတွင် ပါဝင်သည့် သင်္ဘောဖျက် ဒုံးကျည်အမျိုးအစားတစ်ခုကို တွေ့ရစဉ်။

# ခေတ်မီဆန်းသစ်သောဒုံးကျည်များ ရုရှားက ဆီးရီးယားသို့ တင်ပို့ဟုဆို

ဝါရှင်တန် မေ ၁၇

ခေတ်မီဆန်းသစ်သော သင်္ဘောဖျက်ဒုံးကျည်များကို ဆီးရီးယားသို့ ရုရှားနိုင်ငံက ပေးပို့နေသည်ဟု ယနေ့ အမေရိကန်သတင်းမီဒီယာများတွင် ဖော်ပြသည်။

အမည်နာမ ဖော်ပြခြင်းမရှိသော အမေရိကန်တာဝန်ရှိသူ၏ ပြောကြားချက်ကို နယူးယောက်တိုင်းသတင်းစာမှ ကောက်နုတ်ဖော်ပြရာတွင် ယင်းဒုံးကျည်များကို အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မည်သည့်စစ်ရေးအရ ကျူးကျော်မှုများကိုမဆို ဆီးရီးယားနိုင်ငံက အသုံးပြုသွားဖွယ်ရှိသည်ဟု ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အတည်မပြုသော်လည်း ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအား ထောက်ပံ့မှုကိစ္စများ၌ နိုင်ငံတကာက ချမှတ်ထားသော ဥပဒေများကို ချိုးဖောက်ခြင်းမရှိဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံအား အဓိကလက်နက်ထောက်ပံ့နေသော မဟာမိတ်နိုင်ငံအနည်းငယ်ထဲတွင် ပါဝင်ပြီး လွန်ခဲ့သောနှစ်များအတွင်းက ဒေါ်လာဘီလီယံနှင့်ချီတန်ဖိုးရှိသော လက်နက်ထောက်ပံ့ရေးဆိုင်ရာ စာချုပ်များ ချုပ်ဆိုခဲ့သည်။ ၎င်းနိုင်ငံမှ ဆီးရီးယားနိုင်ငံထံ ထောင်နှင့်ချီသော တင့်ကားများ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ လေယာဉ်နှင့် ရဟတ်ယာဉ်များ ရောင်းချရန် သဘောတူညီခဲ့ပြီးဖြစ်သည်။

နယူးယောက်တိုင်း သတင်းစာ ဖော်ပြချက်အရ မကြာသေးမီကာလက ရုရှားနိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ အလျား ၆ ဒသမ ၇ မီတာ (၂၂ ပေ) အရွယ် အစားရှိ အကွာအဝေး ၂၉၀ ကီလိုမီတာ (မိုင် ၁၈၀) အထိ ပစ်လွှတ်နိုင်သည့် ပေါက်ကွဲမှုအင်အားမြင့် ထိပ်ဖူးများ သယ်ဆောင်နိုင်သော ဒုံးကျည်များ တင်ပို့ခဲ့သည်ဟု ဆိုသည်။ အေပီ။

## ဆိုင်းနိုင်းတွင် အီဂျစ်လုံခြုံရေးအဖွဲ့ဝင်များ ပြန်ပေးဆွဲခံရ

အဲလ်အာရစ် မေ ၁၇

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးကို အမည်မသိ ပြန်ပေးသမားများက ဖမ်းဆီးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု မေ ၁၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် စစ်သည် လေးဦးတို့သည် အဲလ်အာရစ်မြို့၏ အရှေ့ဘက် ဆိုင်းနိုင်းမြောက်ပိုင်း၌ ဘတ်စ်ကားငယ်တစ်စီးဖြင့် ခရီးသွားနေစဉ် အဖမ်းခံရခြင်းဖြစ်သည်။

ပြန်ပေးဆွဲသူများက ထောင်ကျနေသည့် ၎င်းတို့၏ ဆွေမျိုးများကို ပြန်လွှတ်ပေးရန် တောင်းဆိုမည်ဟု ပြောသည်။

ဒေသတွင်း ဘီဒိုအင်မျိုးနွယ်စု အကြီးအကဲများအား ညှိနှိုင်းပေးပါရန် တောင်းဆိုထားသည်ဟု သတင်းများက ဆိုသည်။

အီဂျစ်သမ္မတ မိုဟာမက်မော်စီက ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးများအား နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေကို ၎င်းအား အစီရင်ခံရန် ဆင့်ခေါ်ထားသည်။ ၂၀၁၁ခုနှစ် သမ္မတဟောင်း ဟော့စ်နီမူဘာရက် ဖယ်ရှားခံရပြီးနောက် ဆိုင်းနိုင်းဒေသသည် ပိုမို၍ ဥပဒေမဲ့ဖြစ်လာခဲ့သည်။ ဘီဘီစီ။

## ဖမ်းဆီးခြင်းခံထားရသူငါးဦးကို ယီမင်တွင် ပြန်လည်လွှတ်ပေး

ဆာနား မေ ၁၇

ယီမင်နိုင်ငံတောင်ပိုင်းတွင် လက်နက်ကိုင်မျိုးနွယ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရသော အီဂျစ်နိုင်ငံသား အင်ဂျင်နီယာနှစ်ဦးနှင့် နိုင်ငံတကာကြက်ခြေနီတပ်ဖွဲ့ဝင် သုံးဦးကို ပြန်လည်လွှတ်ပေးလိုက်ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက မေ ၁၇ရက်တွင် ပြောကြားသည်။

အထက်ပါ လူငါးဦးကို လက်နက်ကိုင်မျိုးနွယ်စုများက အက်ဘ်ယန်ပြည်နယ်တွင် မေ ၇ရက်နှင့် ၁၃ရက်က အသီးသီး ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား မေ ၁၆ရက်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း အမည်မဖော်လိုသူ ယီမင်လုံခြုံရေးတပ်ဖွဲ့ဝင်၏ ပြောကြားချက်ကို ကြေညာချက်ထုတ်ပြန်သည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်သုံးဦးမှာ ဆွစ်ဇာလန်၊ ကင်ညာနှင့် ယီမင်နိုင်ငံမှဖြစ်ကြောင်း၊ အီဂျစ်အင်ဂျင်နီယာနှစ်ဦးမှာ ဒေသတွင်းရှိ ဘိလပ်မြေစက်ရုံတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

၎င်းတို့ငါးဦးအား မည်သို့မည်ပုံ လွှတ်ပေးလိုက်သည်ကိုမူ ကြေညာချက်တွင် အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။

ယီမင်ရှိ အယ်လ်ခိုင်ဒါများ၏လက်တွင်း၌ တစ်နှစ်ကြာ ဖမ်းဆီးထားခြင်းခံရသော ဆွစ်အမျိုးသမီးတစ်ဦးကိုလည်း ဖေဖော်ဝါရီ ၂၇ ရက်က ပြန်လည်လွှတ်ပေးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။ ဆင်ဟွာ။




အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမှုကို တွေ့ရစဉ်။

## ပိုလီယိုရောဂါတိုက်ဖျက်ရေးအစီအစဉ် တာလီဘန်အဖွဲ့က အားပေးမည်ဟုဆို

ကဘူး မေ ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော ပိုလီယိုရောဂါတိုက်ဖျက်ရေး အစီအစဉ် အောင်မြင်မှုရရှိစေရန် မိမိတို့ အားပေးကူညီသွားမည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါ တိုက်ဖျက်ရေးအစီအစဉ်အရ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့် ကျန်းမာရေးလုပ်သားများကို ရန်မူတိုက်ခိုက်မည်မဟုတ်တော့ကြောင်း တာလီဘန်အဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နိုင်ငံတကာ ဆေးသိပ္ပံလေ့လာတွေ့ရှိချက်များအရ ပိုလီယိုရောဂါကို ကြိုတင်ကာကွယ်ရေးအစီအစဉ်များမှ တစ်ဆင့် ရှောင်လွှဲနိုင်သည်ဟု မိမိတို့ သိရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ ဆင်းရဲသားပြည်သူများ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့်အစီအစဉ်ကို မိမိတို့ ထောက်ခံကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ပိုလီယိုအစီအစဉ်ကို ထောက်ခံသော်လည်း မိမိတို့၏ ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာများကို ထိန်းသိမ်းကာ ယင်းအစီအစဉ်ကို အကောင်အထည်ဖော်သင့်ကြောင်း၊ နိုင်ငံခြားသား ကျန်းမာရေးလုပ်သားများ လာရောက်မှုကို ခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ပါကစ္စတန်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ နည်းတူ ပိုလီယိုရောဂါဘေးအန္တရာယ်ကို ရင်ဆိုင် နေရဆဲဖြစ်သည်။ ရိုက်တာ။

## ဘိုလီးဗီးယား၌ ဆင်းရဲမွဲတေမှုနှုန်း ၂၀ ရာခိုင်နှုန်း လျော့ကျ

ကဟာက်ဂ် မေ ၁၇

ဘိုလီးဗီးယားနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းသည် နိုင်ငံလူဦးရေ စုစုပေါင်း အနက် ၂၀ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ပင်စင်တိုးမြှင့်ခဲ့သည့် အစီအစဉ်ကြောင့် ပြည်သူများ ပိုမိုအဆင်ပြေလာခြင်းဖြစ်ကြောင်း ဘိုလီးဗီးယား အစိုးရက မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၁ဒသမ၂၅ ဝင်ငွေမရှိသူသည် ဆင်းရဲမှု အခြေအနေရှိကြောင်း၊ တောင်အမေရိကတိုက်၏ အဆင်းရဲဆုံးနိုင်ငံဖြစ်သော ဘိုလီးဗီးယား၌ အဆိုပါ ဆင်းရဲမွဲတေမှုနှုန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ အမြစ်ပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လူစ်အာဆေကာတာကိုရာက ပြောကြားသည်။

မျက်မှောက်ဆင်းရဲမွဲတေမှုနှုန်းသည် ၂၀၀၅ခုနှစ်စာရင်းထက် ထက်ဝက်မျှ လျော့ကျပြီး ၃၈ဒသမ၂ ရာခိုင်နှုန်းသာ ရှိသည်ဟု သိရှိရသည်။

ဂုဏ်သိက္ခာရှိသော ဝင်ငွေအမည်ဖြင့် စီမံချက်ချ ဆောင်ရွက်ခဲ့သဖြင့် မကြာသေးမီနှစ်များအတွင်းက ပြည်သူတို့၏ လူနေမှုဘဝ တိုးတက်လာရခြင်း ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မတိုင်မီ စီမံချက်ကြောင့် လူဦးရေတစ်သန်းထက်မနည်း ဆင်းရဲတွင်းမှ လွတ်မြောက်လာနိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုစီမံချက်ကို ကျေးလက်ဒေသတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ပထမငါးနှစ်တာကာလတွင်ကျေးလက်ဒေသ၌ ဆင်းရဲမွဲတေမှုနှုန်း ၄၀ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ကာတာကိုရာက ပြောဆိုခဲ့သည်။ ဆင်ဟွာ။






ဖတ်စရာ မှတ်စရာ

# ဒူးနှင့်ရင်၊ ရင်နှင့်ဒူး

နွယ်နွယ် (ပညာရေး)

၂၀၁၃ ခုနှစ် ဧပြီ ၂၅ ရက်တွင် ထုတ်ဝေသော ကြေးမုံသတင်းစာတွင် ခင်မောင်ဌေး(ပညာရေး)ရေးသားသော "ဝေဖန်အကြံပြု ဆီးဂိမ်းပွဲတော် အောင်စေမှု" ဟူသော ဆောင်းပါးကို ဖတ်ရှုခဲ့ရပါသည်။ ဤဆောင်းပါး၏ အလယ်လောက်တွင် ဆောင်းပါးရှင်က "ဒူးလောက်တင်မှ ရင်လောက်ကျ ဆိုသကဲ့သို့ ရွှေတံဆိပ်ငါးဆယ်မှန်းထားလျှင် တစ်ရာဟူ၍ မျှော်လင့်ထားခြင်းက စိတ်မာတ်စစ်ဆင်ရေးတစ်မျိုးဖြစ်ပါသည်"ဟု ဖော်ပြထားပါသည်။ ဤစာကြောင်းတွင် ဆောင်းပါးရှင်က "ဒူးလောက်တင်မှ ရင်လောက်ကျ" ဟူသော စကားပုံကို သုံးနှုန်းထားပါသဖြင့် စာရေးသူအနေဖြင့် အမှတ်ရမိသော အကြောင်း အရာလေးတစ်ခုကို တင်ပြလိုပါသည်။

ဂျာနယ်တစ်စောင်တွင် မော်ဒယ်လ်အမျိုးသမီးလေးတစ်ဦးကို အင်တာဗျူးရာတွင် ထိုအမျိုးသမီးလေးက "ရင်လောက်တင်မှဒူးလောက်ကျ ဟူသကဲ့သို့ အနုပညာလုပ်ငန်းများကို အားမာန်အပြည့် ကြိုးစားမည်ဖြစ်ကြောင်း" နိဂုံးချုပ်ပြောကြားသည်ကို ဖတ်ရှုခဲ့ရဖူးပါသည်။

စာရေးသူသည် ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပညာရေးတက္ကသိုလ်တွင် ပညာဆည်းပူးခွင့်ရခဲ့သည်။ ထိုအချိန်က စာရေးသူတို့ကို သင်ကြားပို့ချသော မြန်မာစာဆရာကြီး ဆရာမကြီးများသည် ဗဟုသုတအလွန်ပြည့်ဝသော၊ မြန်မာစာကို နှံ့နှံ့စပ်စပ်တတ်ကျွမ်းသော ပညာရှင်များဖြစ်ကြသည်။ ထိုကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများ၏ သင်ကြားပို့ချမှုများကို ယနေ့ထက်တိုင် စာရေးသူ၏ ရင်ထဲဝယ်စွဲမြဲလျက်ရှိသည်။

မြန်မာစာအချိန်တွင် စကားပုံများနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် အလွန်မှတ်သားစရာ ကောင်းလှသည်။ ယခုအချိန်ထိ "ဒူးလောက်တင်မှ ရင်လောက်ကျ" စကားပုံကို နားလည်မှုလွဲမှားနေကြသည်။ "ရင်" နှင့် "ဒူး" သည် အမြဲနေရာမှားနေသည်။ ဤစကားပုံကို ဆရာကြီးက ရှင်းလင်းရာတွင် တောထဲ၌အမဲလိုက်ရာတွင် မုဆိုးသည်သားကောင်ကို ပစ်သောအခါ မုဆိုး၏ဒူးခေါင်းပေါ်တွင် လေးကိုတင်၍ ချိန်ရွယ်ပစ်မှသာလျှင် သားကောင်၏ ရင်ဘတ်ကို ထိနိုင်မည်ဖြစ်ကြောင်း မှတ်သားခဲ့ရဖူးပါသည်။

ပညာရေးတက္ကသိုလ်မှ ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော်သော်လည်း ဆရာကြီး ဆရာမကြီးများ၏ သင်ကြားပို့ချမှုများသည် စာရေးသူ၏ ရင်ထဲဝယ် ယခုထက်တိုင်စွဲမြဲလျက်ရှိသည်။ စာရေးသူ သင်ကြားရသော တပည့်များကို လေ့လာဆန်းစစ်ကြည့်ရာတွင် ပညာရပ်ကို မှတ်သား၍ ပြန်လည်အသုံးချဖို့ထက် အလွတ်ကျက်မှတ်ခြင်းကို ဦးတည်နေကြောင်း တွေ့ရသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာတွင် စကားပြေ၊ ကဗျာ၊ ရေသည် သင်ခန်းစာများမှ အလင်္ကာများကို သင်ကြားရာတွင် သဘောတရား (Concept) ကို မမှတ်သားဘဲ အလွတ်ကျက်မှတ်ခြင်း (Parrot Learning) ကို အသုံးပြုလျက်ရှိသည်။ နေ့စဉ်သုံးစကားလုံးများထဲမှ အလင်္ကာဆန်သော အသုံးအနှုန်းများကို လေ့လာမှတ်သားခြင်းအားဖြင့် ကျောင်းသင်ခန်းစာ အလင်္ကာများကိုလည်း အလွတ်ကျက်မှတ်စရာမလိုဘဲ အတိအကျ ရေးနိုင်အောင် လေ့လာသင့်သည်။ ဥပမာအားဖြင့် "ရေမွှေးလေးက မွှေးလိုက်တာ နှာခေါင်းတောင်မှ ပက်လက်လန်တယ်" "ဒီအတန်းထဲမှာ လူတွေများလိုက်တာ မည်းနေတာပဲ" ဟူသော အသုံးအနှုန်းများကို မည်သည့်အလင်္ကာမြောက်ကြောင်းသိလျှင် ကျောင်းသင်ခန်းစာမှ အလင်္ကာများကို ဆက်စပ်တွေးတောခြင်းဖြင့် သိရှိနိုင်ပါလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းကို ဖန်တီးပေးနိုင်မည့် ပညာရေးစနစ်တစ်ခုပေါ်ထွန်းစေရန် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက်ရာတွင် မြန်မာစာ၊ မြန်မာစကားကို ပစ်ပယ်၍မရဘဲ မိခင်ဘာသာစကားတစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။ ။



## ရန်ကုန်ကမ်းနားလမ်း မြေပိုနေရာများ၌ အခမဲ့ယာဉ်ရပ်နားစခန်းဖော်ထုတ်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့ တိုးချဲ့ကမ်းနားလမ်းနှင့် လက်ရှိကမ်းနားလမ်းဟောင်းတို့အကြား မြေပိုနေရာများ၌ အခမဲ့ ယာဉ်ရပ်နားစခန်းများ ဖော်ထုတ်တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်းအထိ တည်ဆောက်ပြီးစီး၍ ကျန်ရှိသော နေရာများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(အပေါ်ပုံ)

တိုးချဲ့ကမ်းနားလမ်းသစ်နှင့် လက်ရှိကမ်းနားလမ်းဟောင်းတို့ကြားရှိ မြေပိုနေရာများကို အလုံမြို့နယ် သစ်တောမှတ်တိုင်အနီးမှ ဗိုလ်တထောင်မြို့နယ် ဈေးလမ်းအထိ အခမဲ့ယာဉ်ရပ်နားစခန်းများ ဖော်ထုတ်ခြင်းဖြင့် ကမ်းနားလမ်း ကုန်စည်စီးဆင်းမှုနှင့် ယာဉ်သွားလာမှုမှာ ယခင်ထက် ပိုမိုလျင်မြန်စွာ သွားရောက်နိုင်မည် ဖြစ်သည့်အပြင် ယင်းမြို့နယ်များရှိကိုယ်ပိုင်ယာဉ်များနှင့် အခြားသောယာဉ်များ လွယ်ကူအဆင်ပြေစွာ အခမဲ့ရပ်နားနိုင်မည် ဖြစ်သည်။

ယခုအခါ အဆိုပါ အခမဲ့ ယာဉ်ရပ်နားနိုင်မည့်နေရာများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်တည်ဆောက်ခဲ့ရာ အလုံမြို့နယ် ထော်လီကွေ့မှတ်တိုင်အနီး မြေနေရာ၊ ဆူးလေဘုရားလမ်း၊ ပန်းဆိုးတန်းနှင့် ဗိုလ်အောင်ကျော်လမ်းတို့သာ ကျန်ရှိသဖြင့် ယင်းမြေနေရာများတွင် ဆက်လက်ဖော်ထုတ်တည်ဆောက်ပြီး ကွန်ကရစ်ယာဉ်ရပ်နားနေရာနှင့် ကမ်းနားလမ်း မြေနေရာတို့အကြား ကွာခြားမှုများ မရှိစေရန် တစ်ဆက်တစ်စပ်တည်း ဖြစ်စေရေးအတွက် ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းများကို ညပိုင်းတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စောသိန်းဝင်း

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ရွှေရတုအခမ်းအနားကျင်းပမည်

နေပြည်တော် မေ ၁၇

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှစ်(၅၀)ပြည့် ရွှေရတု အခမ်းအနားကို ဇွန်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သုတေသီပညာရှင် ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းဟောင်းများ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဖိတ်ခေါ်ထားကြောင်း သိရသည်။ (သတင်းစဉ်)






**Summit Int'l Learning Centre**

Centre I- 30-C, Manawhari St. Dagon Tsp-

Centre II- 91, Upper Kyeemyindine Rd, Ygn

**International Standard Curriculum**

*Foreign and Local Qualified Teachers!*

OPENING ON 6th JUNE! (LIMITED CLASS SIZE)

**Pre-school ⁏ Primary–IGCSE**

**Mon – Fri 8:30 am – 3:00++ pm**

Ph: 09-731 50 347 / 09-4500 66 812

01-538 906/ 01-538 398

School Bus Myanmar/Chinese/ Piano Classes & Gym

www.silceducation.com


# လိုက်လံစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ဦးဝင်းကြိုင်(စိန်ကုန်သည်)မိသားစုမှ လှူဒါန်းခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်ဆေးရုံသစ်ကြီးအား ၁၄-၅-၂၀၁၃ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဒေါ်ပို့ပို့၊ ဒေါ်သီဂီ

ဒေါက်တာ မေယဉ်မောင်


**Best Auto Construction Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန်**

**အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်။**

**(ပြည်တွင်းဌာနခန့်ထားရန်)**

(1) Site Engineer ကျား/မ (1)ဦး

လုပ်သက်အနည်းဆုံး(၅)နှစ် ရှိရမည်။

(2) Architect ကျား/မ (1)ဦး

ဗိသုကာအင်ဂျင်နီယာ BEဘွဲ့ရ လုပ်သက်အနည်းဆုံး(၃)နှစ်ရှိပြီး လုပ်ငန်းကျွမ်းကျင်သူဦးစားပေးမည်။

(3) Site Manager ကျား/မ (1)ဦး

ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်သက်အနည်းဆုံး(၅)နှစ် ရှိရမည်။

(4) Site တာဝန်ခံ ကျား/မ (5)ဦး

ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်သက်(၅)နှစ် အနည်းဆုံးရှိရမည်။

(5) Sale & Marketing ကျား/မ (4)ဦး

လုပ်သက်(၃)နှစ် အနည်းဆုံးရှိရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။

(6) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် ကျား/မ (1)ဦး

လျှောက်ထားသူသည် Best Auto Construction Co.,Ltd သို့

ကြော်ငြာသည့်နေ့မှ (၂)ပတ်အတွင်း

၁။ ပညာအရည်ချင်း၊ အိမ်ထောင်စုဇယား

မှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်(မိတ္တူ)ပေးရန်။

**လူကိုယ်တိုင်လျှောက်ထားရန် အထက်ပါလိပ်စာ အတိုင်း**

**Phone -09 73184111, 09 73017686**

**No,7,8 ရွှေမြေယာအိမ်ရာ မြေယာကုန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

**တရုတ်** | **ENGLISH** Conversation Practice

Great Wall TAMWE - 540714, 09 5183636

**Great Wall KOREAN**

**EPS-TOPIK**

Ph - 540714, 09 5183636

**အမြန်ရောင်းရန်ရှိသည်**

**401518, 09-5113863, 09- 73157104**

**2013-2014 တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက်**

ဆရာဦးသိန်းတင်စိုး B.E(EP)M.I.T ၏

ရူပဗေဒ - ဓာတုဗေဒ မေးခွန်းဟောင်း သင်ရိုးကုန်စာအုပ်ထွက်ပြီ

ရန်ကုန် - စာပေလောက၊ ရာပြည့် စာပေဟောင်းလေးအိုးကြီး၊ အင်းဝစာအုပ်တိုက်

မန္တလေး - ထွန်းဦးစာပေ၊ နဂါးစာပေ၊ မောင်မောင်ပြေစာပေ တို့တွင်ရပါပြီ


## မန္တလယ်နွယ်လင်းဇံနှင့်အများသိစေရန်

ကျွန်တော်ကိုကျော်မင်းခိုင်၏ဇနီး မန္တလယ်နွယ်လင်း၏[၁၂/ကတတ(နိုင်)၀၂၉၆၄၇]သည် ၄-၃-၂၀၁၃ ရက်တွင် ၎င်း၏သဘောအလျောက် တိတ်တဆိတ်အိမ်မှထွက်သွားခဲ့ပါသည်။ မန္တလယ်နွယ်လင်းဇံသည် (၅)နှစ်အရွယ်နှင့် (၂)လအရွယ် ရင်သွေး(၂)ဦးအား အကြင်နာမဲ့စွာ ထားရစ်ခဲ့ပါသည်။ ထို့ပြင် သိန်း(၁၀၀)ခန့်တန် ရွှေငွေလက်ဝတ်ရတနာများ၊ ကျွန်တော့်ထံ အကျိုးတူစီးပွားရေးပေါင်းလုပ်ကိုင်သူများ ထည့်ဝင်အပ်နှံထားသော ငွေကျပ် သိန်း(၆၅၀)ကျော်နှင့် အဖိုးတန်စာချုပ်စာတမ်းများကို ယူဆောင်သွားခဲ့ပါသည်။ မည်သည့်နေရပ်ဒေသရောက်ရှိနေသည် မသိရှိရပါ။ သို့ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း လာရောက်ဖြေရှင်းပေးရန်နှင့် ၎င်းအပါအဝင် သွေးဆောင်ဖြားယောင်းသူ လက်ခံအားပေးကူညီသူ မည်သူ့ကိုမဆို တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ကိုကျော်မင်းခိုင်**

**[၁၂/မရက(နိုင်)၁၃၅၁၂၂]**

**အမှတ်-၆၇၊ မြယမုံ-၂ လမ်း၊**

**ကြီးပွားရေးရပ်ကွက်၊ သာယာဝတီနယ်၊ ရန်ကုန်မြို့။**

**ပြည်တွင်းရေးရာ**

# လယ်မြေများရေလွှမ်းမိုးမှုမဖြစ်စေရန် ရေနုတ်မြောင်းများဖောက်လုပ် ပြည်သူများ သောက်သုံးရေလုံလောက်စေရန် ရေကန်များတူးဖော်

သတင်းနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

**တွံတေး မေ ၁၇**

တွံတေးမြို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ရှိပြီး ရန်ကုန်နှင့် ကားလမ်း ၁၇ မိုင်၊ ရေလမ်း ၁၅ မိုင်ခန့်သာဝေးသည့်မြို့ဖြစ်သည်။ မြို့အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၇၉ ဒသမ ၉၄ မိုင် ကျယ်ဝန်း၍ လူဦးရေ ၂၁၄၆၀၀ နေထိုင်လျက်ရှိပြီး လူဦးရေ ၈၁ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်ကြသည်။

စိုက်ပျိုးနိုင်သည့် လယ်မြေဧက ၁၁၀၀၀၀ ကျော်ရှိပြီး မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ နေကြာ၊ ရာသီဝင်စသော သီးနှံများစိုက်ပျိုးကြသည်။ ရေနုတ်မြောင်းများ နည်းပါးမှုကြောင့် မိုးစပါးစိုက်ဧက ၈၀၀၀ ခန့်မှာ နှစ်စဉ်မိုးတွင်း၌ ရေနစ်မြုပ်ခြင်းများ ကြုံတွေ့ရပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာပေါင်း ၂၃၄ ရွာရှိ ပြည်သူများအတွက် သောက်သုံးရေမှာလည်း ရေကန်များကိုသာ အားထားနေကြရသည်။

ယမန်နှစ်က ဖျော်ဘွယ်လေးကျေးရွာနှင့် လက်ပံကုန်းကျေးရွာတို့မှာ ဧပြီလတွင် သောက်သုံးရေပြတ်လပ်မှုများရှိခဲ့ပြီး ယခုနှစ်တွင် ဂျောင်ဂိုင်းကြီးကျေးရွာ၊ ချောင်းဖျားကျေးရွာ၊ ကျွန်းကလေးကျေးရွာနှင့် ခလောက်ခလူကျေးရွာတို့မှာ သောက်သုံးရေပြတ်လပ်မှုများရှိခဲ့သဖြင့် သက်ဆိုင်ရာမှ ရေများ သွားရောက်ဝေငေခဲ့ကြရသည်။

မြို့နယ်အတွင်း၌ နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုနှင့် မိုးရာသီတွင် လယ်မြေများ ရေကြီးနစ်မြုပ်ခြင်း မဖြစ်စေရန် ပြည်သူ့လွှတ်တော် အဆင့်ဆင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၏ တင်ပြမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများပါဝင်ကူညီမှုကြောင့် လယ်မြေဧက ၈၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေစပါးဧက ၂၅၀၀၀ စိုက်ပျိုးရာတွင် ရေပေးသွင်းနိုင်မည့် ရေနုတ်မြောင်း ၃၅ မြောင်း မိုင်အရှည်အားဖြင့် ၁၀၀ ခန့်ကို ဆည်မြောင်းဦးစီးဌာနကစက်ကြီးများဖြင့် ဖောက်လုပ်လျက်ရှိရာ ရေမြောင်းပေါင်း ၃၀ ခန့် ဖောက်လုပ်ပြီးစီးနေပြီဟုသိရသည်။

ထို့အပြင် မြို့နယ်အတွင်း ယမန်နှစ်က သောက်သုံးရေပြတ်လပ်ခဲ့သည့် ကျေးရွာများတွင် စေတနာရှင်ပြည်သူများ၏ မြေ၊ စက်၊ စက်သုံးဆီများ လှူဒါန်းမှုဖြင့် ကစ်ဇကပက်လည်ရှိ သောက်သုံး ရေကန်ကြီး လေးကန်ကို စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးခဲ့သည်။ ဝေ ၁၀၀ ပတ်လည်ကန် ခုနစ်ကန်အပါအဝင် တွံတေးမြို့နယ်တွင် သောက်သုံးရေကန်ပေါင်း ၃၁၁ ကျော်ရှိသည်။

ထို့ကြောင့် တွံတေးမြို့နယ်တွင် နှစ်စဉ် ရေကြီးနစ်မြုပ်မည့် စပါးစိုက်ခင်းများ ရေလွှမ်းမိုးနိုင်မည် မဟုတ်သလို မြို့နယ်လူထုအတွက် သောက်သုံးရေ ပြတ်လပ်မှုမှလည်း ကင်းဝေးတော့မည် ဖြစ်သည်။



တွံတေးမြို့နယ်၌ စပါးစိုက်ခင်းများရေနစ်မြုပ်မှုမှ ကာကွယ်ရေးအတွက် ရေနုတ်မြောင်းများကို စက်ကြီးများဖြင့် ဖောက်လုပ်နေစဉ်။

## CCA ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်း မြို့နယ်ဆင့်ပွားသင်တန်းပို့ချ

**ပန်းတနော် မေ ၁၇**

CCA ကလေးဗဟိုပြုချဉ်းကပ်သင်ကြားနည်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မေ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ တစ်မြို့နယ်လုံးရှိ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း ၂၆၆ ကျောင်းမှ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်းမှ ဆရာ ဆရာမများ စုစုပေါင်းကျောင်း ၂၇၁ ကျောင်းမှ ဆရာ ဆရာမ ၉၀၀ ကျော်တက်ရောက်ကြသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာ ဆရာမ ၆၆ ဦးတို့က ကျောင်းသားကလေးများနှင့် လက်တွေ့သရုပ်ပြသင်ကြားနည်းများပါတွဲဖက်၍ မေ ၁၂ ရက်မှ ၂၃ ရက်အထိ ၁၂ ရက်ကြာ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲ အကြိသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခင်မောင်ဇော်မြင့်)**

# ဗုဒ္ဓဓာတ်ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရားကြီးအား တပ်မတော်နှင့်ပြည်သူ စုပေါင်းလုပ်အားဒါနပေး

**ရွှေတောင် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံမြကျေးရွာအုပ်စု ဖိုးသိန်းတန်ကျေးရွာ ရှေးဟောင်းသမိုင်းဝင်ရဟန္တာ ၈၀ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကနယ်လှည့်သာသနာပြုမဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရဦးစီး၍ ရဟန္တာ ၈၀ သိမ်တော်ကြီး သာသနာ့နယ်မြေအတွင်း တည်ထားပူဇော်မည့် ဗုဒ္ဓဓာတ်ကမ္ဘာလွှမ်းခြုံမြတ်စွာဘုရားကြီးအား တပ်မတော်နှင့်ပြည်သူ စုပေါင်းလုပ်အားဒါနပေးပွဲကို မေ ၁၂ ရက် နံနက် ၇ နာရီက ဗုဒ္ဓဓာတ်ကမ္ဘာလွှမ်းခြုံမြတ်စွာဘုရားကြီး၌ ကျင်းပခဲ့ရာ နယ်မြေခံတပ်များမှ အရာရှိအရာခံ၊ အကြပ်တပ်သားများ၊ မိသားစုဝင်များ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများက အင်အား ၅၀၀ ကျော်ဖြင့် စုပေါင်း၍လုပ်အားဒါနပေးခဲ့ကြကြောင်း သိရသည်။ (၁၄၃)

# မေတ္တာမြို့နယ်ခွဲတွင် ယာဉ်တိုက်မှုကြောင့် လူနှစ်ဦးသေဆုံး

**မေတ္တာ မေ ၁၇**

ထားဝယ်ခရိုင် မေတ္တာ-ကီးခီး နယ်စပ်ကုန်သွယ်ရေးကားလမ်း ထားဝယ်မင်းသမီးတံတားနှင့် တစ်မိုင်ခန့်အကွာ၌ မေ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အိတ်ကာလျံကိုင်းကုမ္ပဏီဝန်ထမ်းဖြစ်သူ ဦးဝင်းရွှေ (၄၂) နှစ် မောင်းနှင်လာသော ၄ဂ/--- (ခဲရောင်) ဖိုးဝီမော်တော်ကားနှင့် မေတ္တာမြို့နယ်ခွဲ တောင်သုံးလုံးကျေးရွာအုပ်စု ရွှေချောင်းကျေးရွာနေ သားငယ်(ခ)စဘု (၂၄)နှစ် မောင်းနှင်ပြီး စောစက်ကလက်(၁၈)နှစ်နှင့် စောဆိုးခွာ(၁၉)နှစ်တို့ လိုက်ပါလာသည့်ဝှေဖ်အက်စ်(၁၂၅) အမျိုးအစားလိုင်စင်မဲ့မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် သားငယ်(ခ)စဘုနှင့် စောစက်ကလက်တို့နှစ်ဦး နေရာ၌ပင် သေဆုံးခဲ့ပြီး စောဆိုးခွာမှာ ညာနဖူးပေါက်ပြဲဒဏ်ရာများ ရရှိသဖြင့် မေတ္တာမြို့နယ်ခွဲဆေးရုံမှတစ်ဆင့် ထားဝယ်အထွေထွေရောဂါကုဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

ENGLISH Language | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

Computer Basic | LCCI I-II-III | MYOB Accounting | Service Technician | GRAPHIC DESIGN

HOT LINE-0949290778, 383833, 253293, 377233 30%



# Jasmine Phyu Gems & Jewellery

မှ

မိတ်ဟောင်းမိတ်သစ်များအား အသိပေးအပ်ပါသည်။ အမှတ်(၅၆)အေ၊ ကမ္ဘာအေးစေတီလမ်းတွင်တည်ရှိသော Jasmine Phyu Gems & Jewellery ဆိုင်အား ကမ္ဘာ့အဆင့်မီ Gems & Jewellery Trading Joint တစ်ခုဖြစ်စေရန် ရည်သန်၍ ပြန်လည်ပြင်ဆင် ဆောက်လုပ်မည်ဖြစ်ပါသဖြင့် Jasmine Phyu Gems & Jewellery အား တိုက်(၃၉)၊ အခန်း(၁၀၂)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ယုဇနဂါးဒင်းဟိုတယ်ရှေ့တွင် ဆိုင်ခွဲအမှတ်(၂) အနေဖြင့် ၂၅-၅-၂၀၁၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။


## ကန့်ကွက်နိုင်ပါကြောင်း

မှုဆယ်မြို့နယ်၊ ကောင်းမှုတို့ချပ်ကွက်၊ အကွက်အမှတ် (ငွေဆင်)၊ ဦးပိုင်အမှတ် (၂၅၈) ဧရိယာ(၀.၁၁၈)ရှိ မြေကွက်မှာ ဒေါ်နန်းစိန်ညွန့် အမည်ဖြင့် ၆-၅-၂၀၀၂ရက်မှ ၅-၅-၂၀၅၂ရက်ထိ (၅၀)နှစ်မြေငှားဂရန် ရရှိခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဂရန်မှာပျောက်ဆုံးသွားပါသဖြင့် မိတ္တူ မှန် လျှောက်ထားလာပါသည်။ ၎င်းသူ၏ဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား အပြည့်အစုံဖြင့် (၂၈)ရက်အတွင်း မှုဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

မှုဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မှုဆယ်မြို့
ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀


ရောင်းမည်

တောင်ကြီးမြို့သစ်တောရပ်



ကျေးဇူးဆပ်ပါမည်

ဦးအောင်ဌေးလင်း၏ ရေယာဉ်အုပ်လက်မှတ် ဆတ-၀၁၇/၀၄နှင့် သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် ရန်-၈၄၄/၉၉သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၀၃၄၀၉၆



ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်းသိန်းဝင်း၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်-A-075961သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၃၀၀၀၀၂၄



## မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း- ၀၉-၄၂၀၁၀၇၀၂၀
၀၉-၄၄၈၀၂၅၃၄၂
၀၉-၃၃၂၃၄၆၅၆
၀၉-၃၃၂၂၉၉၆၅



ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
ဒဂုံတောင်၊ ဒဂုံမြောက် မြေကွက်များ
ရောင်း ဝယ် ထိုး


## ၉-၅-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးဝင်းမောင်[၁၂/ဗဟန(နိုင်)၀၁၇၄၀၇]၏ ကြေညာချက်သည် မဟုတ်မမှန်ကြေညာခြင်းဖြစ်ကြောင်း ဒေါ်သန္တာနုမှ ဦးဝင်းမောင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၁၄)နေ ဒေါ်သန္တာနု၏ ညွှန်ကြားချက်အရ ဦးဝင်းမောင်နှင့် အများသိစေလိုက်သည်မှာ-

ဦးဝင်းမောင်သည် ဇမာလူမျိုး ဗုဒ္ဓဘာသာဝင် အိမ်ထောင်ရှင်တစ်ဦး၏ စောင့်ထိန်းအပ်သော ကျင့်ဝတ်သစ္စာကို စောင့်သိ ရိုသေခြင်းမရှိဘဲ အိမ်တောင်ရေးဖောက်ပြန်မှု ကျူးလွန်သည်ကို ဒေါ်သန္တာနုက သိရှိကာအမြစ်ပြောဆိုခဲ့သော်လည်း အိမ်တောင်ရေး ကျင့်ဝတ်သစ္စာကို စောင့်ထိန်းခြင်းမရှိဘဲ ဆက်လက်၍ကျူးလွန်ခဲ့သည့်အပြင် ဒေါ်သန္တာနုအား ကိုယ်ထိလက်ရောက်နာကျင်ထိခိုက် ဒဏ်ရာရရှိသည်အထိ ပြုလုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းခြင်းစသဖြင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခံရမှုမှာ စိတ်ဝေဒနာပြင်းပြင်းထန်ထန်ခံစားရသည်ထိ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် ဦးဝင်းမောင်အား ဆက်လက်၍ ပေါင်းသင်းရာ မထိုက်တော့သဖြင့် အိမ်ထောင်ခန်း၊ ပစ္စည်းခန်း ကွာရှင်းပြတ်စဲခွဲဝေပေးရန် ဦးဝင်းမောင်ထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ ဒေါ်သန္တာနုထံ ဦးဝင်းမောင်မှလည်း ၂၅-၄-၂၀၁၃ရက်စွဲပါ အကြောင်းပြန်ကြားစာပေးပို့လာခဲ့ပါသည်။

အမှန်အားဖြင့် ဦးဝင်းမောင်သည် ၂၂-၂-၂၀၁၃ရက်တွင် ဒေါ်သန္တာနုအား ချစ်ခြင်းမေတ္တာကင်းမဲ့သောနာကျင်ရက်စက်သည့် ပြုမူပြောဆိုမှုများကြောင့် ဒေါ်သန္တာနု၏မိခင် နှလုံးစိတ်ဝမ်းကြေကွဲခံစားခဲ့ရသည်အထိ ဒေါ်သန္တာနု၏မိခင်ရှေ့မှောက်တွင် ရက်စက်စွာ ပြုမူပြောဆို၍ ဦးဝင်းမောင်ကိုယ်တိုင် မောင်းချခဲ့သည့်အပြင် ထိုနေ့ညနေတွင် သားသမီးဟူသော သံယောဇဉ်တွယ်တာခြင်း ကင်းမဲ့လျက် သားသမီးတို့ကို စွန့်ပစ်သောကြောင့် သားသမီးတို့သည် သူတစ်ပါးအားအပ်ပြီး၍ ဒေါ်သန္တာနုထံသို့ ရောက်ရှိလာခဲ့ခြင်း၊ ၂၆-၂-၂၀၁၃ရက်တွင် ဦးဝင်းမောင်ကိုယ်တိုင် ကိုယ်ပိုင်ကား အနီရောင်ပြိုင်ကားနှင့် ဒေါ်သန္တာနု၏ လက်ဝတ်ရတနာတို့ကို ပေးပို့ခဲ့ခြင်းဖြစ်ပါလျက် ဦးဝင်းမောင်သည် ၎င်း၏ရှေ့နေမှတစ်ဆင့် ၉-၅-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာတွင် ဦးဝင်းမောင်မရှိခိုက် သားသမီး(၂)ဦးနှင့်အတူ နေအိမ်မှ ၂၈-၂-၂၀၁၃ရက်ခန့်တွင် စွန့်ခွာသွားခဲ့ကြောင်း၊ ပစ္စည်းများကို တစ်ပါတည်းယူသွားခဲ့ကြောင်းဟု နောက်မှအကြံရပြီး မဟုတ်မမှန် လုပ်ကြံကြေညာခဲ့ခြင်း၊ ဒေါ်သန္တာနုမိခင်၏ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန် နှင့် ဒေါ်သန္တာနုတို့သားအမိခိုကိုးရာမဲ့ အတိဒုက္ခရောက်စေရန်ရည်ရွယ်၍ မြားယောင်းသွေးဆောင်လက်ခံထားသူများကို ဦးဝင်းမောင်အနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခြောက်လှန့်၍ မမှန်မကန်ကြေညာခဲ့ခြင်း ဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်အေးအေးအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)**
**အမှတ်-၁၂၁၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၉၊ ၀၉-၇၃၀၄၅၆၈၇**


# MMDC

Myanmar Media Development Center

တက်ရောက်နိုင်သည့်သင်တန်းများ

### Taste of TV

ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာအခြေခံမိတ်ဆက်သင်တန်း

- Journalism
- Script Writing
- Presentation Skills
- Production
- Communication Skills
- Camera Shooting
- Video Editing

### Diploma In TV Broadcasting

ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်း

- Foundation and Introduction
- Pre-Production
- Production Plan
- Program Production
- Directing
- Post Production
- Communication Skills
- Interview Techniques
- Camera and Editing
- Audio and Lighting
- Media Management
- Broadcast Engineering

- နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Asia-Pacific Institute for Broadcasting Development (AIBD), DW Akademie, Friedrich-Ebert-Stiftung(FES) တို့နှင့်ပူးပေါင်း၍ ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ အတွေ့အကြုံရှိ ဆရာ/ဆရာမများ ကိုယ်တိုင် သင်ကြားပေးလျက်ရှိပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။
- Taste of TV ကျောင်းသား/ကျောင်းသူများအနေဖြင့် Diploma သင်တန်းတက်ရောက်ရာတွင် ကျောင်းဝင်ကြေး လျှော့ပေါ့ပါ။

ရုံးချုပ် - မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်း၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 534768, 501714(Ext 552), Fax: 508164

သင်တန်းကျောင်း - အခန်းနံပါတ် (T308, T309, T310)၊ တတိယထပ်၊ Junction Square ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 527342, 532492, 502763 (Ext 4007)

Website : www.mmdcmyanmar.com Email : contactus@mmdcmyanmar.com
Facebook : www.facebook.com/mmdcmyanmar

# ဦးသန့်ဇော်

LCCI I, II & III

Level III (25 May 2013) ထိ

MYOB/Excel

EMBA/EMPA

GMAT, Reasoning & English

Sec (I) ...

Sec (II) ... (23 May 2013) ...

ORION Business School...

Call : 09 73154401, 09 5115997


## မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည် အသင်းသား စုံညီ အစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မေလ ၂၂ရက် (ဗုဒ္ဓဟူး)နေ့ မွန်းလွဲ ၁နာရီမှ ၃နာရီအထိ ရန်ကုန်မြို့၊ လပ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များထံ ဖိတ်စာများကြိုတင်ပေးပို့ထားပြီးဖြစ်ရာ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားအပ်ပါသည်။

## မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း နှစ်ပတ်လည် အစည်းအဝေးကို ၃၀-၅-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI ခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ဧည့်လမ်းညွှန်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့(၂၀၁၂-၂၀၁၃)**


"အမေက သမီးကို ဆုံမတဲ့ အခန်း ရေးသားထားပါတယ်"

"စာမေမွှ သမီး"

ထွက်ပြီ

တန်ဖိုး-၃၀၀၀ကျပ်

ဖြန့်ချိရေး -ဒါဦးမွေစာပေ -၀၉-၅၃၀၂၆၅၅၅

-ဘက်စနစ်ထွန်းစာပေ -၀၉-၅၃၁၅၃၅၁၄

မြစ်နှင်းပန်း Car Rental 09 5155520

09 73103334, 09 73142080

အမြန်ရောင်းမည်

အလုံမြင်ဆိုင်တစ်ဆိုင်စာ ပစ္စည်းအစုံနှင့် လက်ဝတ်ရတနာများအပါ ရောင်းပည်။ (ဆိုင်ခန်းမပါ)။ သိန်း(၄၀)ညှိနိူင်းဈေး

ဖုန်း-၀၉-၃၀၂၀၁၈၂၂

တိုက်ခန်းအသစ်ရောင်းမည် (ပွဲစားမလို)

စမ်းချောင်း၊ လမ်းသန့်၊ ပေ(၁၂၅×၅၀)၊ သံပန်း၊ ဘိုတိုင်အိမ်သာ၊ ကိုယ်ပိုင်(ရေမီး)၊ တိုက်အသစ်စက်စက် လူမနေရသေး

- တတိယထပ် (ခြေရင်းခန်း၊ ခေါင်းရင်းခန်း)တစ်ခန်းနှုန်း ၂၇၇သိန်း
- စတုတ္ထထပ်(ခြေရင်းခန်း၊ ခေါင်းရင်းခန်း)တစ်ခန်းနှုန်း ၂၅၂သိန်း

ပိုင်ရှင် ဖုန်း-၀၉-၇၃၁၅၆၄၉၄

Aspect နှင့် ...

ဝန်ထမ်းအလိုရှိသည်။

Aspect Management (Myanmar) Co.,Ltd

Security Guards ...

1. Supervisors and Body Guards
2. A grade
3. B grade

... CV Form ...

အမှတ်(39-A) ... (Holiday Restaurant ...)

Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

အမြန်ရောင်း/ငှားမည် (ပွဲစားမလိုပါ)

ပေ(၃၀×၅၄) RC နှစ်ထပ် အဆင့်မြင့်ပြင်ဆင်ပြီး ချယ်ရီဥယျာဉ်အိမ်ရာအနီး၊ တောင်ဥက္ကလာ

ဖုန်း-၀၉-၄၄၈၀၀၇၆၆၃

ခရုံမြို့ပြအိမ်

မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ တောင်ဒဂုံ၊ ဆိပ်ကမ်းမြို့နယ် များရှိ မြေကွက်များကို ရောင်းပေးဝယ်ပေးမည်။

09-5039562

09-73049875

International School

English

B.E(EP) M.I.T 09-420185823, 09-5086091

အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး

Lift ပါ B.C.C ရဖြီး

ဒုတိယထပ် (24' x 73')

ပွဲစားမလို - ရောင်းမည်။

ဖုန်း-၀၉-၇၃၀၇၆၁၆၂၊ ၀၉-၅၁၈၁၉၈၇


## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ကြေညာချက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅၃၂/ဇီ) မြေကွက်အမှတ်(၂/၁၅၀) မြေကွက်တည်နေရာအမှတ်-(၁၃၀)၊ ကာယ(၅)လမ်း၊ သယ်နီကျွန်းကြီးကျေးရွာရှိဂရန်မြေကွက်အား ပေါ်စာရင်းအမည်ပေါက် ဒေါ်မွှေးမွှေး[၁၂/ကတတ(နိုင်)၀၀၄၉၉၉]ကိုယ်တိုင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးရုံး၊ ကျေးရွာအုပ်ချုပ်ရေးရုံးတို့၏ထောက်ခံချက်တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၃၀၉/ခ၊ မြေကွက်တည်နေရာအမှတ်-(၃၀၉/ခ)၊ ပင်းခေါင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစိန်လှအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်လှနှင့်ဒေါ်သန်းမေ ကွယ်လွန်သဖြင့် ဦးအေးကျော်[၁၂/ဥကတ(နိုင်)၀၅၁၈၀၂] ဒေါ်ခင်သန့်ဇင်(S/OKA-၀၈၆၂၇၅)တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

GLOBAL GATE WAY CO.,LTD (ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ၊ လိုင်စင်အမှတ်-၁၃၉/၂၀၁၂)တွင် မန်နေဂျာဖြစ်သူ ဒေါ်အေးအေးမိုး (ဘ)ဦးမြင့်သိန်း [၇/ညလပ(နိုင်)၁၃၈၈၁၈]ကိုင်ဆောင်သူ ချောင်းရင်းရွာ၊ မြန်တန်ဆာမြို့ပိုင်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေသူအား (၂-၅-၂၀၁၃)ရက်တွင် ကုမ္ပဏီမှ အမြဲတမ်းထုတ်ပယ်(Dismiss) လိုက်ပြီးဖြစ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝအားလုံးသည် GLOBAL GATE WAY CO.,LTD (ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ၊ လိုင်စင်အမှတ်-၁၃၉/၂၀၁၂) နှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိကြောင်းနှင့် ကုမ္ပဏီမှလည်းတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| --- | --- |
| **ဒေါ်မူယာမြသန်း** | **စန်းလွင်(စဥ်-၂၇၀၇)** |
| **မန်နေဂျင်းဒါရိုက်တာ** | **တရားလွှတ်တော်ရှေ့နေ** |
| **GLOBAL GATE WAY CO.,LTD** | **B.A.,H.G.P.,R.L** |
| | **နေနေနီလာ(စဥ်-၂၄၈၀၀)** |
| | **အထက်တန်းရှေ့နေ** |
| | **LL.B** |

"(၁၂-၅-၂၀၁၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာ ... မြန်မာ ... သိစေရန် ရှင်းလင်းကြေညာခြင်း"

Nawarat Co., Ltd., Japan ...

Container ... Customer ...

ဦး...

(LL.B, D.B.L, D.I.L, D.M.L)

တရားလွှတ်တော်ရှေ့နေ

# ရိုးသားပြီး ကြိုးစားကြသည့် ဧရာဝတီတိုင်းသားများ ကဏ္ဍပေါင်းစုံ၌ အောင်မြင်မှုများ ရရှိနေသည်ကိုတွေ့ရ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆုရ Max Myanmar Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၇

ဧပြီ ၃၀ ရက်က ကျင်းပခဲ့သော နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးမှ စွမ်းဆောင်ရည်ဆုရရှိသူများ၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ၊ နိုင်ငံတော်အဆင့် ပဏာမရွေးချယ်ခံရသူများ၊ တိုင်းဒေသကြီးအဆင့် ရွေးချယ်ခံရသူများနှင့် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဗဟိုအဆင့် (၁)မှ (၁၀)အတွင်း ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မွှောရုံအတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးမွှောရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဧရာဝတီတိုင်းဒေသကြီးမှ အထွေထွေအရပ်ရပ် ထူးချွန်သူများအား ယခုကဲ့သို့ ဂုဏ်ပြုခွင့်ရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း၊ ရိုးသားပြီး ကြိုးစားကြသည့် ဧရာဝတီတိုင်းသားများအနေဖြင့် ယနေ့အချိန်အခါတွင် ကဏ္ဍပေါင်းစုံ၌ အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်လည်း ဧရာဝတီတိုင်းဖွား တစ်ဦးဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းသူ တိုင်းသားများအနေဖြင့် ကဏ္ဍပေါင်းစုံတွင် အောင်မြင်မှုများရရှိရန် ဆက်လက်ကြိုးစား၍ တိုင်းဒေသကြီးဂုဏ်ကို မြှင့်တင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် တိုင်းသူ တိုင်းသားများအား ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်များဖြစ်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်က နှုတ်ခွန်းဆက် စကားပြောကြားကာ ဧရာဝတီတိုင်းဒေသကြီး မွှောရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း)က ဧရာဝတီတိုင်းဒေသကြီးမွှောရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပါတွာခါလီမြို့၌ မုန်တိုင်းကြောင့် နေအိမ်နှင့် ဈေးဆိုင်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။



# မဟာစင်မုန်တိုင်းတိုက်ခတ်ခဲ့ရာ လမ်းကြောင်းဝယ်. . .

သတင်းဆောင်းပါး

ဘာသာပြန်-သတင်းလုလင်

စစ်တကောင်း မေ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသ၌ တိုက်ခတ်ခဲ့သော မဟာစင်အပူပိုင်းမုန်တိုင်းကြောင့် ၁၅ဦး သေဆုံးခဲ့ရပြီး တဲအိမ်အရေအတွက် ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့၌ မဟာစင်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်နိုင်သည်ဟု ကနဦးခန့်မှန်းချက်များ ပေါ်ထွက်ခဲ့သော်လည်း ကုန်းတွင်းပိုင်းသို့ မုန်တိုင်းဝင်ရောက်ချိန်တွင် လျင်မြန်စွာ အင်အားပျော့သွားခဲ့သဖြင့် ဆိုးဆိုးရွားရွားဘေးဥပဒ်များ ကျရောက်မှုမှ ရှောင်လွှဲနိုင်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူ ပြည်သူ ၉၅၆၆၇၂ ဦးကို မုန်တိုင်းဘေးမှ ခိုလှုံရာနေရာ ၃၂၀၀ ကျော်သို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

စစ်တကောင်းမြို့နှင့် အပန်းဖြေစခန်းမြို့ဖြစ်သော ကောက်ဘဇာမြို့တို့ရှိ လေဆိပ်များကို ပိတ်ထားခဲ့ပြီး စစ်တကောင်းမြို့ရှိ ပင်လယ်ဆိပ်ကမ်းကိုလည်း ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့

# ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား (၂၃)ဦးအား ပြစ်ဒဏ်မှ လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြု

နေပြည်တော် မေ ၁၇

အကျဉ်းဦးစီးဌာနအောက်ရှိ အကျဉ်းထောင်၊ အလုပ်စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား (၂၃)ဦးသည် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သဖြင့် နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁) အရ ၎င်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ယနေ့ရက်စွဲဖြင့် လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြော်ငြာ စာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ အပိုပါရှိပါသည်။


